MANDALAY MYOTHA INDUSTRIAL DEVELOPMENT PUBLIC CO., LTD.
NO. (514/8), 26 Street, Between 59 x 60 Street,
Maha Zayyar Bon Quarter, Aung Myae Thar Zan Township, Mandalay.
Phone Number : 02 - 65958, 82150 Fax: 02 - 82151

# ဆဌမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပမည့်နေ့ရက်အား ခေတ္တဆိုင်းငံ့ခြင်း

၁။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) အနေဖြင့် ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၈) ရက်နေ့ ထုတ်ပြန်ချက်တွင် COVID-19 ကူးစက်ရောဂါပြန့်ပွားနိုင်မှုအခြေအနေ (Risk Assessment) အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ (China) ဒေသတွင်းနိုင်ငံများ (Regional) နှင့် ကမ္ဘာ့နိုင်ငံများအားလုံး (Global) တွင် အလွန်မြင့်မားသည့်အဆင့် (Very High) တိုးမြှင့်သတ်မှတ်ခဲ့ပါသည်။

၂။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈) ရက်စွဲပါ အမိန့်အမှတ်စဉ် ၁၉/၂၀၂၀ ဖြင့် COVID-19 ရောဂါအားကူးစက်မြန်ရောဂါ (သို့မဟုတ်) တိုင်ကြားရမည့် ကူးစက်ရောဂါအဖြစ်သတ်မှတ်ခဲ့ပါသည်။

၃။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင် - " မြန်မာနိုင်ငံတွင်လည်းရောဂါဖြစ်ပွားသူများ ရုတ်တရက်တစ်ပြိုင်နက်တွေ့ရှိလာနိုင်ပြီး ပြည်သူများအတွင်း၌ ကူးစက်ပြန့်ပွားနိုင်ခြင်းတို့ကြောင့် ပြည်သူများအနေဖြင့် -

- ယခုကာလအတွင်း လူစုလူဝေးများပြားရာနေရာများနှင့် ပွဲလမ်းသဘင်များရှိရာနေရာများကို အတတ်နိုင်ဆုံးရှောင်ကြဉ်ကြရန်၊
- အခြေအနေအကြောင်းကြောင်းကြောင့် မဖြစ်မနေကျင်းပရမည့် လူစုလူဝေးနှင့်ပွဲလမ်းသဘင်များကိုသာ ပြုလုပ်ကြပါရန်နှင့်၊
- အကယ်၍ ထိုသို့မဖြစ်မနေကျင်းပရပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေး ကျန်းမာရေးအသိပညာပေး နှိုးဆော်ချက်များကို တိကျစွာ စနစ်တကျ လိုက်နာဆောင်ရွက်ကြရန် " အသိပေးနှိုးဆော်ထားကြောင်းတွေ့ရှိရပါသည်။

၄။ သို့ဖြစ်ပါ၍ Mandalay Myotha Industrial Development Public Co., Ltd အနေဖြင့် ၂၀၂၀ ခုနှစ်၊ မတ်လ (၁၅) ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ဆဌမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးအခမ်းအနားအား ခေတ္တဆိုင်းငံ့ထားမည်ဖြစ်ပါကြောင်းနှင့် အစည်းအဝေးကျင်းပမည့်ရက်အား ထပ်မံအသိပေး ကြေငြာမည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

အမှုဆောင်ဒါရိုက်တာအဖွဲ့
MMID Public Co., Ltd.